
ယွန်းပိုးဖြူ
Love Puppet

# အပိုင်း(၁)

"ဟော့... ဟော့... စာဂျပိုး၊ စာဂျပိုး... စာဂျပိုး... စာဂျပိုး စာအုပ်ကိုင်... ဆရာကြီး ပုံစံ... အာ့..."

စာအုပ်တွေ တစ်ပွေ့တစ်ပိုက်နဲ့ စာကြည့်တိုက်ဘက်က ပြန်လာသော လင်းညို့ကို ကြည့်ရင်း ကျောင်းသားတစ်စု သံချပ်ထိုးရင်း ပြောင်နေကြသည်။ ဒီလိုအသံမျိုးတွေက ကြားနေကြရမို့ လင်းညို့ အမှုမထားတော့ပေ။ အလယ်တန်းကတည်းက အပြောင်ခံ၊ အစခံခဲ့ရပေမဲ့ ခု ဆယ်တန်း ကျောင်းသား ဘဝ အထိတော့ အစခံရမယ်လို့ လင်းညို့ မထင်ခဲ့မိတာ အမှန်ပင်။ ဖြစ်နေကျ၊ ကြားနေကျ၊ ပြောင်နေကျ ဒီလိုပုံမှန် ဖြစ်နေကျ အရာတွေကို လင်းညို့ စိတ်ကုန်နေလေပြီ။

ပြောင်ချော်ချော် လုပ်နေသူများကို ဂရုမစိုက်ဘဲ အတန်းဘက် ခပ်သုတ်သုတ် လျှောက်ပေမဲ့ အော်သံနက်ကြောင့် ကုက္ကိုပင်အောက်က ခုံတန်းမှာ ထိုင်နေတဲ့ ကျောင်းသားစုဆီ လင်းညို့ အကြည့်တို့ ရောက်သွားသည်။

"ဟဲ့ မာယာ နင် ဘာလုပ်တာလဲ"

လိမ်ဆွဲခံလိုက်ရလို့ နီရဲပြီး နာသွားသော နားကို လက်နဲ့ ပွတ်လို့ မေးလိုက်သော တေဇရဲ့ အမေးကို မာယာမေရဲ့ လက်ဝါးက တေဇရဲ့ ကျောပြင်နဲ့ မိတ်ဆက်လိုက်ရင်း...

"ပြောစမ်းပါဦး တေဇရယ် သူ့ဘာသာ စာပဲဂျပိုးပိုး၊ လိပ်ဖြစ်ဖြစ် နင်နဲ့ ဆိုင်လားဟင်"

ပုံစံက မြောက်ကြွကြွနဲ့ ဖိုက်တာလိုလို လမ်းသရဲလိုလို တေဇတို့ အုပ်စုဝင်ကောင်လေးတွေက မာယာမေကို အပြတ်နွှာချင်ပေမဲ့ တေဇရဲ့ အချက်ပြမှုကြောင့် ငြိမ်နေကြလေသည်။ ကျား၊ မ မရွေး မိုလ်မထားတတ်သော SunShine ကိုယ်ပိုင်ကျောင်းရဲ့ ကျောင်းသား လူမိုက်ခေါင်းဆောင် တေဇဆိုသူက မာယာမေ့ရှေ့တွင်တော့ သခင် ရှေ့ရောက်နေသော ကြောင်တစ်ကောင်လို လက်သည်းဖွက်ကာ အမြီးကုပ်လို့ ငြိမ်နေတတ်သည်။

"ငါတို့က သူ စာချည်း လုပ်နေတာ ပင်ပန်းမှာစိုးလို့ ပျော်အောင် စတာပါ မာယာရယ်"

"နောက်ပိုင်းကျ ငါ့ရှေ့မှာ တစ်ဖက်သတ်ကြီးတွေ မတွေ့ချင်ဘူးနော်"

"အေးပါဟာ နင်ရှေ့ နောက်မဖြစ်စေရပါဘူး"

"ဩော်... ကွယ်ရာတော့ ဖြစ်ချင်ဖြစ်မယ်ပေါ့လေ"

"မဟုတ်ပါဘူး ရှေ့ရော ကွယ်ရာရော မဖြစ်စေရဘူး။ ငါ အာမခံတယ် တေဇဆိုတဲ့ ငါ ကတိတည်မှန်း နင်အသိဆုံးပါ"

"Ok လေ"

သူလိုချင်သော ကတိရပြီဖြစ်၍ တေဇတို့ အုပ်စုနားကနေ မာယာမေ ခြေလှမ်းတို့ ဦးတည်ရာ ပြောင်းလိုက်ပေမဲ့ နောက်ကျောဆီက တေဇကတော့ စကားစ မပြတ်သေးပေ။

"ဒါနဲ့ မာယာ"

"ဘာလဲ"

"နင် သူ့ကို ဘာလို့ ကယ်တာလဲ"

"ငါ သူ့ကို ခင်ချင်လို့"

ပါးစပ်အဟောင်းသား ပွင့်ကာ ကျန်နေခဲ့သော တေဇကို ပြုံးပြခဲ့ပြီး

မာယာမေ ဆယ်တန်းဆောင် တန်းခွဲအေဘက် ခြေလှမ်းတို့ ဦးတည်ကာ လေနှယ်လွင့်နေသော ငှက်တောင်ပံလေးနှယ် ပေ့ါပါးစွာ လျှောက်သွားလေသည်။ လင်းညို့ကတော့ ဘယ်အချိန်ကတည်းက ပျောက်သွားမှန်းမသိပေ။ စာသင်ခန်းထဲမှာ စာအုပ်ကိုသာ သဲကြီးမဲကြီး ဖတ်နေတဲ့ လင်းညို့နား မာယာမေ သွားရပ်လိုက်ပေမဲ့ လင်းညို့ကတော့ မော့၍ပင် မကြည့်ချေ။

"ဟိတ် ကျေးဇူးတင်စကား မပြောတော့ဘူးလား"

မာယာမေ စကားကြောင့် လင်းညို့ စာဖတ်ရာမှ မျက်နှာမော့လာပြီး အေးစက်သော မျက်ဝန်းတို့နဲ့ မာယာမေကို စေ့စေ့ကြည့်ကာ သေသပ်ပိရိသော နှုတ်ခမ်း တစ်စုံကို အားယူဖွင့်လိုက်ရင်း မျက်လွှာချကာ ကျေးဇူးတင်စကား ဆိုလိုက်သည်။

"ကျေးဇူးပဲ"

"တိုလိုက်တာ"

"ငါ အေးဆေး စာဖတ်ချင်တယ် မနှောင့်ယှက်ပါနဲ့"

လင်းညို့ ဖတ်နေတဲ့ စာအုပ်ကို ဆွဲယူလို့ မာယာမေ အခန်းရှေ့ လွှင့်ပစ်လိုက်လေသည်။ အောင်နိုင်သူ အပြုံးဖြင့် နှုတ်ခမ်းတို့ ကွေးညွတ်အောင် ပြုံးနေသော မာယာမေကို လင်းညို့တစ်ယောက် မတ်တတ်ထရပ်ရင်း ဒေါသမျက်လုံးတို့နှင့် ကြည့်နေလေသည်။ အချိန်ခဏ အတွင်း လျင်မြန်တဲ့ အဖြစ်အပျက်ဆိုပေမဲ့ အခန်းတွင်းရှိ ကျောင်းသား ကျောင်းသူအားလုံး မာယာမေ ဝင်လာချိန်ကတည်းက ငြိမ်ကာ ကြည့်နေကြသည်မို့ ဖြစ်စဉ် အစအဆုံးကို မသိလိုက်သူ မရှိချေ။

ဆယ်တန်းဆောင် တန်းခွဲအေထဲ ဝင်လုဆဲဆဲ ခြေလှမ်းတို့က ခြေထောက်နား ပျံဝဲရောက်ရှိလာသော စာအုပ်ကြောင့် ရပ်တန့်သွားရသည်။ စာအုပ်ကို

ကောက်လိုက်ပြီး အခန်းတွင်း ဝင်လာတော့ အခန်းတွင်းရဲ့ အပူတစ်ဝက် အေးတစ်ဝက် အခြေအနေကို တစ်ပြိုင်နက်တည်း သူ ခံစားလိုက်ရသည်။ အခန်းတွင်း ဝင်လာသော သူ့ကို ဘယ်သူမှ ဂရုမစိုက်မိကြဘဲ စာသင်ခုံများကြား မတ်တတ် ရပ်နေကြသော ကောင်လေးနဲ့ ကောင်မလေးဆီမှာသာ အကြည့်များ စုပုံ ကျရောက်နေလေသည်။

"မာယာမေ မင်း ဘယ်လို လုပ်လိုက်တာလဲ"

"သက်ရှိပဲ ဖြစ်ဖြစ် သက်မဲ့ပဲ ဖြစ်ဖြစ် မာယာမေနဲ့ ယှဉ်လာရင် အရာရာ အကုန်လုံး နောက်မှာပဲ ရှိနေစေရမယ်"

"မင်း ရူးနေလား"

"ငါ စကားပြောတာ နင် လေးလေးစားစား နားထောင်ခဲ့ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး"

"အဓိပ္ပာယ် မရှိတာ... မင်း ကျေးဇူးတင်ဆိုလို့ ငါ ကျေးဇူးလို့ ပြောပြီးပြီ၊ ကိစ္စပြတ်ပြီလေ မင်းဘာလို့ အရစ်ရှည်ရတာလဲ"

"ငါက နင်နဲ့ သူငယ်ချင်း ဖြစ်ချင်တာ နားလည်ပြီလား ငတုံးရဲ့"

မာယာမေ ပြောလဲပြော လင်းညို့ရဲ့ နားရွက်ကိုလဲ ပိုင်စိုးပိုင်နင်း လိမ်ဆွဲကာ ပြောလိုက်လေသည်။ ပေါက်ကွဲတော့မည့် မီးတောင် တစ်ခုအလား လင်းညို့ မျက်ဝန်းတို့ဆီက ဒေါသအခိုးအငွေ့များ တလိပ်လိပ် တက်လာကာ ခုံပေါ်ထောက်ထားသော လက်သီးတို့ ကျစ်ကျစ်ပါအောင် ဆုပ်လိုက်ရင်း လက်သီးရဲ့ဦးတည်ရာက မာယာမေရဲ့ ဖြူဝင်းနေသော မျက်နှာပြင်...။

"အမလေး..."

"ဟင်..."

"ဟာ..."

"ဘုတ်..."

လင်းညို့ မျက်လုံးမှိတ်ပြီး လက်သီးတို့ကို လေပေါ်မြှောက်ကာ မာယာမေ့ဆီ ဦးတည်လိုက်ပေမဲ့ သူ့လက်သီးနဲ့ မိတ်ဆက်မိလိုက်တာက နူးညံ့သော မာယာမေ၏ မျက်နှာပြင် မဟုတ်။ မာကျောသော အရာတစ်ခုသာ။ အခန်းတွင်းရှိ အာမေဍိတ် ပေါင်းစုံတို့အနက် မာယာမေရဲ့ အလန့်တကြား အော်သံကိုလဲ လင်းညို့ ကြားဖြစ်အောင် ကြားလိုက်သေးသည်။

မှိတ်ထားသော မျက်လုံးတို့ကို ဖွင့်လိုက်ပေမဲ့ မြင်လိုက်ရတာက မာယာမေရဲ့ မျက်နှာမဟုတ်ဘဲ မာယာမေ လွှင့်ပစ်လိုက်သော သူ့ဖတ်လက်စ စာအုပ်လေး။ လေထဲတန့်နေသော စာအုပ်ရဲ့ အရင်းခံကို ကြည့်လိုက်တော့ လက်တံရှည်ရှည်၊ အရပ်မြင့်မြင့်၊ ဒေါင်ကောင်းကောင်းနဲ့ နွေးထွေးသော အပြုံးပိုင်ရှင် ကျောင်းသား တစ်ယောက်။

မမြင်ဖူးတဲ့ မျက်နှာပေမဲ့ လင်းညို့စိတ်ထဲ သိပ်တော့ အထူးအဆန်း မဖြစ်မိပေ။ SunShine ပုဂ္ဂလိက အထက်တန်း ကျောင်းမှာ လင်းညို့တက်တာ ၅ တန်းနှစ်ကတည်းက ဆိုပေမဲ့ လင်းညို့ သိတဲ့ကျောင်းသား ကျောင်းသူဟူ၍ မာယာမေ တစ်ယောက်သာ ရှိလေသည်။ မာယာမေနဲ့ လင်းညို့တို့ ပထမဆုံးအကြိမ် အဖြစ် အခုမှ စကားစ ပြောမိခြင်းပင်။ သို့သော်လည်း ကျောင်းအုပ်ကြီးရဲ့ တစ်ဦးတည်းသော သမီးဖြစ်သည့် အပြင် နှစ်စဉ် နှစ်တိုင်း ပညာရည်ချွန်ဆုကို အတူတူ တွဲယူနေကြမို့ လင်းညို့ မျက်ဝန်းထဲ မာယာမေကို မျက်မှန်းတန်းမိနေလေသည်။

မျက်နှာစိမ်း ကျောင်းသားက စာအုပ်ကို လင်းညို့ဆီ ကမ်းပေးလိုက်ရင်း လင်းညို့ လက်သီးတန်းကာ ရွယ်လိုက်စဉ်က အလန့်တကြား ခုံတွေကြားထဲ ထိုင်ချလိုက်သဖြင့် ခေါင်းနဲ့ ခုံစောင်းနဲ့ တိုက်မိကာ မျက်ရည် အဝိုင်းသားနဲ့ လင်းညို့တို့ကို မော့ကြည့်နေတဲ့ မာယာမေကို လက်ကမ်းလို့ သူ ထူ

ပေးလိုက်သည်။ ခေါင်းကို လက်နဲ့ပွတ်လို့ မျက်ရည်များ ဝဲတက်လာကာ နှုတ်ခမ်းစူလို့ လင်းညို့ကို ရန်တွေ့ဖို့ ပြင်နေတဲ့ မာယာမေက စာသင်ခန်းထဲ ဆရာမ ဝင်လာတာကြောင့် မျက်နှာကို ပြင်လိုက်ကာ သူ့ခုံဆီ သူသွားထိုင်လေသည်။

ဆရာမကို နှုတ်ဆက်ပြီးချိန်ထိ မျက်နှာစိမ်း ကျောင်းသားက ခုထိ နေရာမကျသေးပေ။ ထိုင်စရာခုံတွေ ရှိနေပေမဲ့ ဆရာမ နေရာချမပေးခင် အထိ ကျောင်းသား၊ ကျောင်းသူသစ်တွေ မထိုင်ကြတာ များသည်။ အရပ်က ရှည် ရတဲ့အထဲ ထိုင်စရာ မရှိသေးတဲ့ သူ့ကို ဆရာမက အတန်းရှေ့ခေါ်ပြီး ကိုယ့်ကိုယ်ကိုယ် အတန်းသားတွေနဲ့ မိတ်ဆက်ဖို့ ပြောလေသည်။

"ကျွန်တော့် နာမည် မရဏပါ"

"ဟား... ဟား... ဟီး"

"တိတ်ကြစမ်း ဘာရယ်စရာပါလို့လဲ"

ဆရာမရဲ့ အဆူထက် ဆရာမ လက်ထဲက ကြိမ်လုံးကို ပိုကြောက်ရတာမို့ အခန်းတွင်းရှိ ရယ်သံများ တိတ်ဆိတ် သွားလေသည်။ မရဏဆိုတဲ့ ကျောင်းသားသစ်ကတော့ ရယ်သံတွေရော လှောင်ပြောင်သံတွေပါ ဂရုစိုက်ပုံ မရချေ။

"သူငယ်ချင်းလို သဘောထားပြီး လိုအပ်တာတွေ ကူညီပေးကြပါ"

"သား... မရဏ၊ လင်းညို့ဘေးက ခုံမှာ ထိုင်လိုက်"

စာသင်ခန်းတွင်းရှိ ခုံတွေ စီစဉ်ထားပုံက ရေးစားပွဲနဲ့ ထိုင်ခုံတွဲလျက် တစ်ယောက် ထိုင်ခုံနှစ်လုံးဆီ ကပ်ပေးထားကာ အတန်းလေးတန်း စီထားသည်။ တစ်တန်းမှာ အများဆုံး ခုံတန်း ၇ တန်း စီချထားသည်။ လင်းညို့ ထိုင်နေတာ တံခါးပေါက်က ဝင်လာရင် ဒုတိယမြောက် အတန်း၊ ခုံ

အရေအတွက်နဲ့ ရေမယ်ဆို ၃ ခုံမြောက်ပင်။

စာသင်နှစ် စစချင်း ကျောင်းစတက်ရတဲ့ နေ့တုန်းက ကိုယ်ကြိုက်ရာခုံ ဦးခွင့်ရှိပေမဲ့ လင်းညို့ဘေးနား လာထိုင်သူ မရှိပေ။ ကိုယ်တွဲမိတွဲရာ သူငယ်ချင်းများနဲ့ အတွဲမပျက် ထိုင်တတ်ကြတာမို့ သူငယ်ချင်း မရှိသော လင်းညို့ အတွက်တော့ တစ်ယောက်ထဲ ထိုင်ရတာ အထူးအဆန်း မဟုတ်ပေ။ မာယာမေကတော့ လင်းညို့ရှေ့က ထိုင်ခုံမှာ တစ်ဦးထဲ ထိုင်သည်။ မာယာမေရဲ့ ဘေးနားတွင် ထိုင်ချင်သူတွေ ပေါပေမဲ့ ထိုင်ရဲသူ မရှိတာမို့ မာယာမေလဲ တစ်ဦးထဲ ထိုင်ရသူပင်။

ပုဂ္ဂလိက အထက်တန်းကျောင်းမို့ ယောကျ်ားလေး၊ မိန်းကလေး အဆင်ပြေသလို ရှေ့နောက် ထိုင်ခွင့် ပေးထားလေသည်။ အတူတွဲ၍တော့ ထိုင်ခွင့်မပေးထားပေ။ လင်းညို့ဘေးနား မရဏ ရောက်လာတော့ ဘေးထိုင်ခုံပေါ်က စာအုပ်တွေကို လင်းညို့ ကောက်ယူလိုက်ပြီး စာရေးခုံကို လှပ်လို့ လွတ်တဲ့ နေရာတွေမှာ စီထည့်လိုက်လေသည်။ မရဏနဲ့ လင်းညို့တို့ ထိုင်ခုံနေရာ အဆင်ပြေအောင် စီစဉ်နေကြတုန်းမှာပဲ ဆရာမဆီက စကားသံ တချို့ထွက်ပေါ်လာလေသည်။

"မာယာ သမီး ဘာဖြစ်လို့လဲ နေမကောင်းဘူးလား"

ကျောင်းက ဆရာ၊ ဆရာမ တော်တော်များများက ကျောင်းအုပ်ကြီး သမီး မာယာမေကို စာတော်တာကြောင့်ရော ကျောင်းအုပ်ကြီး သမီးဖြစ်တာရော ကြောင့်ပါ အရေးပေးကြလေသည်။ ခုလဲ ခေါင်းကို တနှိပ်နှိပ်ဖြစ်နေသော မာယာမေကို ဆရာမက လှမ်းမေးလိုက်ခြင်းသာ။ မာယာမေရဲ့ အဖြေကို စောင့်ရင်း လင်းညို့ လက်ဖျားများ အေးစက်ကာ နှလုံးခုန်သံများ မြန်ဆန်နေလေသည်။ အကယ်၍သာ မာယာမေ အမှန်အတိုင်း ဖြေလိုက်ပါက လင်းညို့ ကျောင်းအုပ်ကြီး ရုံးခန်း ရောက်ရပေမည်။ အဆိုးဆုံး ဖြစ်နိုင်ချေ

ကတော့ ကျောင်းထုတ်ခံရမည်ပင်။ လင်းညို့သာ ကျောင်းထုတ်ခံရပါက နောက်ဆက်တွဲ ဆိုးကျိုးတွေကို ကြိုတွေးနေမိစဉ်...

"လင်းညို့..."

နားထဲ ဝင်ရောက်လာသော ခေါ်သံနဲ့အတူ ညာဘက် တံတောင်ကို တွန်းခံလိုက်ရတာမို့ အတွေးတွေထဲက လွတ်မြောက်လာပြီး ညာဘက်မှာ ထိုင်နေတဲ့ လူကို လင်းညို့ ကြည့်လိုက်သည်။ မရဏကတော့ ထုံးစံအတိုင်း ပြုံးပြုံးပြကာ ဆရာမကို မေးငေါ့ပြလေသည်။

စတိတ်စင်ပေါ်မှာ သူ့ကို ကြောင်ကြည့်နေတဲ့ ဆရာမကို လင်းညို့ ကြည့်လိုက်ရင်း ဝိုက်ဘုတ်ပေါ်က သင်္ချာပုစ္ဆာကို အဖြေမှန်သည်အထိ ပါးစပ်ကနေ တွက်ပြလိုက်ရသည်။ အဖြေဖြေပြီး ထိုင်ခုံမှာ ပြန်ထိုင်ချိန် အရှေ့ခုံက မာယာမေကို ကြည့်မိတော့ မာယာမေက လင်းညို့ကို လှည့်ကြည့်ကာ မျက်စောင်း ထိုးလေသည်။ အမှန်အတိုင်းဆိုရရင် ဖြစ်ပျက်သမျှ အရာအားလုံးကို လင်းညို့ နားမလည်ချင်ပေ။

မနက်ပိုင်း စာသင်ချိန် လေးချိန်ပြီးတော့ နေ့လယ် ထမင်းစား နားဆင်းချိန်တွင် လင်းညို့ ထမင်းစားရန် အိမ်ပြန်လေသည်။ စက်ဘီးစတန်းတွင် စက်ဘီးထုတ်နေတုန်း မျက်မှန်းတန်းမိနေတဲ့ အပြုံးတစ်ခုကြောင့် သူ့ဘေးနား မရဏ ရောက်လာမှန်း လင်းညို့ သိလိုက်သည်။ မနက်ပိုင်း စာသင်ချိန်တွေ အတွင်း အကြည့်ချင်းဆုံတိုင်း ပြုံးပြတတ်သော မရဏရဲ့ အပြုံးတွေက အချိန်ခဏ အတွင်း လင်းညို့ရဲ့ ဦးနှောက် အတွင်း ထူးထူးခြားခြား စွဲမြဲနေလေသည်။

လင်းညို့ စက်ဘီးထုတ်နေချိန် မရဏကလဲ သူ့စက်ဘီးကို ထုတ်လေသည်။ ကျောင်းရှေ့ တံခါးပေါက် ရောက်သည်အထိ ဘေးနားက ထက်ကြပ်မကွာ လိုက်လာတဲ့ မရဏကို လင်းညို့ သည်းမခံနိုင်တော့။ စိတ်

ထဲ ဂရုမစိုက်ဘူးလို့ အော်ဟစ်နေပေမဲ့ လက်တွေ့မှာတော့ လင်းညို့ ဂရုမစိုက်လို့ မဖြစ်တော့ပေ။ ဘေးနားက တကောက်ကောက် လိုက်လာရုံတင် မရဏက မကျေနပ်သေးဘဲ လင်းညို့ကို စကားပြောရန် ကြိုးစားလေသည်။

"လင်းညို့... လင်းညို့... ဟိတ် ခေါ်နေတာ မကြားဘူးလား"

မရဏရဲ့ ခေါ်သံကို မကြားချင်ယောင်ဆောင်ရင်း ကျောင်းရှေ့ လမ်းတစ်ဖက်စီကို စက်ဘီးတွန်းလိုက်ရင်း လမ်းတစ်ဖက်ကို ရောက်သည်နှင့် စက်ဘီးကို အသားကုန် နင်းကာ အိမ်ဆီကိုပဲ ဦးတည်လိုက်လေသည်။

ဘေးနားမှာ စက်ဘီးအေးဆေး တွန်းနေရင်းကပင် ကပျာကယာ တွန်းထုတ်ကာ အသားကုန် စက်ဘီးနင်းသွားသော လင်းညို့ကို ကြည့်ရင်း မရဏ ပြုံးမိသွားသည်။ တကယ်တော့ မရဏဆိုတာ ပြည်နယ်နဲ့ တိုင်းကိုယ်စားပြု စက်ဘီးစီး ချန်ပီယံဆိုတာ လင်းညို့ မသိတာတော့ မရဏ အံ့ဩမိသည်။ လင်းညို့နဲ့ တော်တော်ဝေးမှ စက်ဘီးစီးပြီး လိုက်ပေမဲ့ စက္ကန့်ပိုင်း အတွင်းမှာပင် လင်းညို့ စက်ဘီးကို မှီအောင် လိုက်နိုင်သွားလေသည်။

အရင်နေ့တွေလို စက်ဘီးကို အေးဆေး မစီးနိုင်ဘဲ နောက်က ကျားလိုက်သလို အပြင်းအထန် နင်းနေရပေမဲ့ စက္ကန့်ပိုင်း အတွင်း မရဏ သူ့နား ရောက်လာတာမို့ လင်းညို့ အံ့ဩသွားသည်။

"လင်းညို့ ငါ... မင်းနဲ့... ခင်ချင်လို့"

"..."

"ဘာမှပြန်မပြောဘူးလား... ရတယ်လေ။ ဆိတ်ဆိတ်နေခြင်းဟာ သဘောတူခြင်းတဲ့"

"ဆိတ်ဆိတ်နေခြင်းဟာ ဝန်ခံခြင်းပါ။ မင်းလုပ်မှ စကားပုံတွေတောင်

ဓောက်ထိုး မိုးမျှော် တလွဲတွေ ဖြစ်ကုန်ပြီ"

"ကဲပါ ဝန်ခံတာဖြစ်ဖြစ်၊ သဘောတူတာဖြစ်ဖြစ် မင်းနဲ့ငါ ခုချိန်ကစပြီး သူငယ်ချင်းတွေ ဖြစ်သွားပြီနော်"

"ငါ သူငယ်ချင်း မထားဘူး"

ပြောပြောဆိုဆို လမ်းကွေ့လေးထဲ ချိုးဝင်သွားတဲ့ လင်းညို့ကြောင့် မရဏ စက်ဘီးလေးကို ဘရိတ်အုပ်လို့ မျက်စိရှေ့က လင်းညို့ ပျောက်သွားသည် အထိ ရပ်ကြည့်နေမိသည်။ မာလာမြိုင် ခြံကြီးထဲ ဝင်သွားသော လင်းညို့ကို ကြည့်လို့ မရဏ တစ်ချက် ပြုံးမိသည်။

"ခဏနေရင် ပြန်တွေ့ကြမယ် သူငယ်ချင်း"

"တီ...တီ..."

လမ်းချိုးအကွေ့ အလယ်ခေါင်တည့်တည့်မှာ ပိတ်ရပ်နေတဲ့ မရဏ တစ်ယောက် နောက်ကျောဆီက ကားဟွန်းသံကြောင့် စက်ဘီးကို ခြေထောက်နဲ့ လမ်းဘေး တွန်းကပ်လိုက်ကာ ကားကို ကြည့်နေမိသည်။ ကားက မောင်းစရာ လမ်းရသွားပေမဲ့ မရဏ ဘေးနားလေးကပ်လို့ စက်ရှိန်သတ်နေစဉ်မှာပင် ကားနောက်ခန်းက မှန်လေး အောက်ကျလာသည်။

"ဟော့... ယူ ခရီးရောက်ရဲ့လား"

ကားပေါ်က ကောင်မလေးရဲ့ စကားကို သူ နားမလည်။ သို့သော်လည်း ကောင်မလေးမှာ မနက် အစောပိုင်းက လင်းညို့နဲ့ စကားများသော မာယာမေမှန်းတော့ မရဏ သိလိုက်သည်။ မာယာမေကို တစ်ချက်ပြုံးပြရင်း

"ခရီးက မထွက်ရသေးတော့ ဘယ်ရောက်ရမှန်း မသိပါဘူးဟာ"

"လိမ်မနေပါနဲ့ နင် လင်းညို့ကို စကား လိုက်ပြောတာကို ပြောနေတာ"

"အဲဒါလား"

"ငါလဲ သူနဲ့ သူငယ်ချင်း ဖြစ်ချင်တာ။ တစ်ကျောင်းလုံးမှာ သူ ခေါ်ထူးမေးပြော သူငယ်ချင်းတောင် မရှိဘူး။ ဘာပဲဖြစ်ဖြစ်ပါ ကြိုးစားထား"

"အင်း"

"အဲဒါဆို နင်နဲ့ငါ သူငယ်ချင်း ဖြစ်ပြီနော်"

ကားမှန်ပေါ်ကနေ ကမ်းလာတဲ့ လက်ကို ပြန်လည် ဆွဲယူနှုတ်ဆက်လိုက်ရင်း အဓိပ္ပာယ်ရှိသော အပြုံးကိုယ်စီနဲ့ တစ်ယောက်ကို တစ်ယောက်ပြုံးပြဖြစ်ကြသည်။

"ကျောင်းရောက်မှ တွေ့မယ်နော်"

"Ok"

*****

ဘာလိုလိုနဲ့ မရဏတစ်ယောက် လင်းညို့ဘေးနား ထိုင်ခွင့်ရတဲ့ စာသင်ခန်းအတွင်း အချိန်တွေကို လင်းညို့နဲ့ စကားပြောခွင့်ရအောင် ကြိုးစားရင်းနဲ့သာ အချိန်ကုန်လေသည်။ အေးတိအေးစက် ရေခဲတုံး လင်းညို့ကတော့ အချိန်ကြာလာသည်နဲ့ အမျှ မရဏရဲ့ တရစပ်တွတ်ထိုးမှု အချိန်ရရင်ရသလို ရေပက်မဝင်အောင် ပြောဆိုမှုတို့ကို သဘောကျမှန်း မသိ ကျလာလေသည်။

ကြာသပတေးနေ့သည် လင်းညို့ တာဝန်ကျသော အခန်းသန့်ရှင်းရမည့်နေ့ ဖြစ်သဖြင့် အိမ်ကစောစော ထွက်ရန် လင်းညို့ ပြင်လေသည်။ ရေမိုးချိုး၍ ကျောင်းဝတ်စုံ ဝတ်ကာ ကျောင်းသွားရန် အောက်ထပ်ဆင်းလာသော လင်းညို့ကို ကြည့်ရင်း ဒေါ်မိမိငယ် မျက်နှာထား တင်းသွားသည်။

"ဒါက ဘယ်လဲ"

"ကျောင်းကိုပါ မာမီ"

"အမလေး ကျားသား မိုးကြိုး စောစောစီးစီး ဘာနေ့မို့လို့လဲ"

"ကျွန်တော် အခန်း သန့်ရှင်းရေး တာဝန်ကျတဲ့နေ့ပါ"

"ဒီတစ်ပတ်မှလား"

"မဟုတ်ပါဘူး ကျောင်းစဖွင့်ကတည်းကပါ"

"ဒီနေ့မှ ဘာလို့ စောစောသွားမှာလဲ အရင်အပတ်တွေကလို ကျောင်းချိန်နီးမှ သွား"

"ဒါ... ဒါ... ဒါပေမဲ့..."

"ဒါပေမဲ့ ဘာဖြစ်လဲ"

ခုတစ်လော လင်းညို့ရဲ့ ပြောင်းလဲလာသော အပြုအမူများကို ဒေါ်မိမိငယ် သတိထားမိနေတာ ကြာလေပြီ။ တစ်ခါတစ်ရံ အိမ်ရှိအလုပ်များ လုပ်နေရင်းမှပင် သီချင်းတစ်ပိုင်း တစ်စ ညည်းတတ်လာသလို တစ်ခါတလေကျ အိမ်စာများ လုပ်နေရင်းကပင် စာအုပ်ကို ကြည့်ပြီး ပြုံးတတ်သော လင်းညို့ကို ဒေါ်မိမိငယ် စိတ်ထဲ ထောင့်မကျိုးတော့ချေ။ ခုလဲ တစ်ခါမှ မသွားစဖူး ကျောင်းကို စောစောစီးစီး သွားမည့်အပြင် ဒေါ်မိမိငယ်ရဲ့ တင်းမာသော မျက်နှာကိုပင် မကြောက်ဘဲ လင်းညို့ တစ်ခွန်းမကျန် ပြန်ပြောနေလေသည်။

ဒေါ်မိမိငယ်ရဲ့ တင်းမာသော မျက်နှာထားနှင့် ခပ်ပြတ်ပြတ် ထွက်ပေါ်လာသော မေးခွန်းကြောင့် လင်းညို့ ခန္ဓာကိုယ် တစ်ချက်တုန်သွားပေမဲ့ တစ်ကိုယ်လုံးမှာ ရှိသမျှ သတ္တိတွေ စုစည်းလို့ လေသံတိုးတိုးနဲ့ ဖြေလိုက်မိသည်။

"ကျွန်တော် အခန်းသော့ ယူထားမိလို့ပါ မာမီ"

"ရှုပ်ရှုပ်ယှက်ယှက် နောက်တစ်ခါဆို နင့်ဘာသာနင် ဘာပဲယူလာလာ

ကျောင်းချိန်နီးမှ သွားရမယ် ကြားလား"

"ဟုတ် မာမီ"

"သားငယ် စားလေ ခဏနေ မာမီကိုယ်တိုင် ကျောင်းလိုက်ပို့မယ်နော်"

"ကျွန်တော် သွားလို့ရပြီလား မာမီ"

"သွားတော့ မျက်စိရှေ့လတ်လျားလတ်လျားနဲ့ အမြင်ကို ကတ်တယ်"

ဒေါ်မိမိငယ်နဲ့ မြတ်သူတို့ရှိရာ ထမင်းစားခန်းလေးကို ကျောခိုင်းလိုက်ပြီး စက်ဘီးကို ထုတ်လို့ ခြံတံခါးဆီထိ တွန်းသွားလိုက်သည်။ ခြံစောင့်ဦးလေးကြီးက စိတ်ပူသော မျက်နှာနှင့် သူ့ကိုကြည့်နေတာမို့ လင်းညို့ အတတ်နိုင်ဆုံး ပြုံးပြမိလိုက်သည်။ မာလာမြိုင်ခြံ အပြင်ရောက်သည်နှင့် စက်ဘီးကို အားကုန်နင်းလို့ ကျောင်းဆီ မြန်မြန်ရောက်ဖို့ အရေးသာ လင်းညို့ စိတ်နှစ်ထားလိုက်သည်။

လင်းညို့ ကျောင်းရောက်တော့ စက်ဘီးစတန်းမှာ မရဏရဲ့ စက်ဘီး ရပ်ထားသည်ကို တွေ့လိုက်ရသဖြင့် စိတ်ထဲမှ နှစ်နှစ်ကာကာ ပြုံးမိသွားသည်။ ပျော်ရွှင်နေသော စိတ်အစဉ်က မျက်နှာမှာ ပေါ်လွင်နေကာ မြင်ရသူတိုင်း ငေးမောရလောက်အောင် လင်းညို့ အပြုံးတို့က ဆွဲဆောင်မှု အပြည့်နဲ့ ချိုမြိန်နေလေသည်။

"ဟဲ့ အစောကြီး ရောက်နေတာလား လင်းညို့"

ရုတ်တရက် ထွက်ပေါ်လာသော မာယာမေ အသံကြောင့် လင်းညို့ နောက်လှည့် ကြည့်မိလိုက်သည်။ သို့သော် နောက်မှာ ဘယ်သူမှ မရှိ။ စက်ဘီးစတန်းဘေးရှိ မယ်ဇလီပင် နောက်မှာပုန်းနေတဲ့ မာယာမေ ရယ်ကာ မောကာနှင့် ဟိုကြည့်ဒီကြည့် လိုက်ရှာနေသော လင်းညို့ ရှိရာဆီ ထွက်လာလိုက်သည်။

ရယ်မောလိုက်ရင် ပါးချိုင့်လေးများ ခွက်ဝင်သွားတတ်သော မာယာမေရဲ့ ဝိုင်းစက်နေသော မျက်နှာလေးနဲ့ ဂုတ်ပေါ်အတိ ညှပ်ထားသော ဆံပင်ဝဲဝဲ လေးတို့က ဖြူဝင်းသော အသားအရေနဲ့ လိုက်ဖက်ညီစွာ အဖြူအစိမ်း ဝတ်စုံပင်ဖြစ်သော်လည်း ချစ်စရာ ကောင်းလောက်အောင် ချောမောသော အလှပိုင်ရှင် မာယာမေကို လင်းညို့ ငေးကြည့်နေမိသည်။ မာယာမေကို ခိုး ကြည့်နေခဲ့မိတာ ကြာပြီဖြစ်ပေမဲ့ ခုလို မျက်နှာချင်းဆိုင် ပေါ်တင်ကြီးတော့ လင်းညို့ မကြည့်ရဲခဲ့ပေ။ မာယာမေ အနီးအနား ရောက်လာတိုင်း မြန်ဆန် လာသော နှလုံးခုန်သံတို့ကို ထိန်းချုပ်ရန် စာကိုသာ အမြဲတစေ ငုံ့ကြည့် တတ်သော လင်းညို့အတွက် ဒီနေ့တော့ ကယ်တင်ရှင် စာအုပ်တို့က ကျော ပိုးလွယ်အိတ်ထဲမှာ။

အရှေ့မှာ ကျောက်ရုပ်တစ်ရုပ်လို တောင့်တောင့်ကြီး ရပ်နေသော လင်းညို့ ကို မာယာမေခေါ်နေသော်လည်း လင်းညို့ဆီက စကားပြန်မလာ။ မာယာ မေ စိတ်မရှည်ရင် လုပ်နေကျ အကျင့်အတိုင်း မျက်စိရှေ့က လင်းညို့ နားရွက်ကို လှမ်းလိမ်ဆွဲလိုက်လေသည်။

"အား..."

"တော်သေးတာပေ့ါ အသက်ရှိ နေသေးလို့"

"ဘာလုပ်တာလဲဟ ဟိုတစ်ခါကလို..."

"လက်သီးနဲ့ ရွယ်ဦးမလို့လား"

"အဲဒီတုန်းက ကိစ္စ တောင်းပန်ပါတယ်"

"ခွင့်လွှတ်စေချင်တာလား"

"အင်း"

"ငါနဲ့ သူငယ်ချင်းလုပ်"

"မင်း ဘာလို့ မိန်းကလေးတွေနဲ့ မပေါင်းတာလဲ"

"မိန်းကလေး အချင်းချင်းဆို ကြောကျတယ်ဟ။ ယောကျ်ားလေးတွေနဲ့ကျ ငါ့ကို မိန်းကလေးဆိုပြီး အလျှော့ပေးမယ်၊ အလိုလိုက်မယ်၊ ဦးစားပေးမယ်လေ ဟုတ်တယ်မလား ဟီး... ဟီး"

"ငါက မင်းအလိုကို လိုက်ရမယ်ပေ့ါလေ"

"အေးပေ့ါ နင်က ငါ့ရဲ့ ဒုတိယ ကိုယ်ရံတော်ပဲဟာ"

"မင်းကိုယ်ရံတော် လုပ်မယ်လို့ ဘယ်သူပြောလဲ"

"ဘုရင်မကြီး မာယာမေရဲ့ အမိန့်တော်ကို ငယ်ကျွန်ကြီး မောင်မင်း လင်းညို့က မလိုက်နာဘူး ဆိုလိုတာလား"

"ဟား... ဟား... အရူး"

"ဟဲ့ နင်နော်"

မျက်နှာထိ မျက်နှာထားနဲ့ ပြောနေသော မာယာမေကိုကြည့်ပြီး လင်းညို့အားရပါးရ ရယ်မိကာ နှုတ်ကလဲ မာယာမေကို အရူးလို့ ခေါ်မိလိုက်လေသည်။ မာယာမေက နှုတ်ခမ်းစူကာ မျက်စောင်းထိုးလိုက်တော့ လင်းညို့ရင်ထဲ တစ်မျိုးလေး သာယာသွားလေသည်။

"အဲဒါဆို နင်ရယ် ငါရယ် သူရယ် သူငယ်ချင်း ၃ယောက် ဖြစ်သွားပြီနော်"

"ဘယ်သူပါသေးလို့လဲ"

"ဘုရင်မကြီး မာယာမေဆိုတဲ့ ငါရယ်၊ ကိုယ်ရံတော် တပ်မှူးလေး လင်းညို့ဆိုတဲ့ နင်ရယ်၊ ကိုယ်ရံတော် တပ်မှူးကြီး မရဏရယ်"

မာယာမေ ပြောရင်း လက်လှမ်း ယမ်းပြတဲ့ဘက်ကို လင်းညို့ကြည့်လိုက်တော့ ရေခဲမုန့် သုံးခွက်ကို လက်နှစ်ဖက်ပေါ် မျှတင်လာသော မရဏကို တွေ့လိုက်ရသည်။ မရဏ ကမ်းပေးသော ရေခဲမုန့်ကို ယူလိုက်ရင်း စိတ်ထဲ

မှာလည်း အသက် ၁၀နှစ် အရွယ်က ရရှိခဲ့တဲ့ ပျော်ရွှင်မှုမျိုး လင်းညို့ ခံစား
လိုက်ရသည်။ မရဏ ဝယ်ကျွေးသော ရေခဲမုန့်ထက်ပင် မရဏနဲ့ မာယာမေ
တို့၏ အပြုံးတို့က လင်းညို့ အတွက် အရမ်း ချိုမြိန်လွန်းလှပေသည်။

***